The President's (Salaries and Allowances) (Amendment) Act 1951
(Act No LXVI of 1951)

# ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊အက်ဥပဒေအမှတ် ၁) ပုဒ်မ ၆ နောက်တွင်၊ အောက်ပါ ပြဋ္ဌာန်းချက်များကိုပုဒ်မ ၇ အဖြစ်ဖြင့်ထည့်သွင်းရမည်။

*ရာထူး၌ ထမ်းရွက်ခြင်းကြောင့် ပါလီမန် အမတ်ဖြစ်ရန်အရည်အချင်း ပျက်ယွင်းခြင်းမရှိရ။*

"၇။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂) အရ၊ တိုင်းပြည်ပြု လွှတ်တော်က ရွေးကောက်တင်မြှောက်သောနိုင်ငံတော်ယာယီ သမတသည်၊ နိုင်ငံတော်ယာယီ သမတ အဖြစ်ဖြင့် အကျိုးအမြတ်ရှိသောရာထူး၌ ထမ်းရွက်နေသည်၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သည် ဟူသောအကြောင်းကြောင့်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သောအမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ၊ အရည်အချင်းပျက်ယွင်းခြင်းရှိခဲ့သည်ဟူ၍လည်းမမှတ်ယူရ။"

G.U.B.C.P.O.—No. 133, M. of J.A., 1-2-52—2,000—II.
Price,—One anna.]